Käännös: Keski-Suomen tulkkikeskus

Myanmar (Burma)

**Puhelin ja tietokoneliittymien sopiminen -- älä laita lasta yksin asialle !**

**တယ်လီဖုံး နှင့် တကွ၊ ကွန်ပြူတာနှင့်ပတ်သက်သောသဘောတူညီချက်ပြုလုပ်ရာတွင်
ခလေးတယောက်တည်း ကိုလွှတ်ပြီးမပြုလုပ်ခိုင်းပါစေနှင့်။**

ဈေးကွက်ထဲတွင်၊ တဦးထက်တဦးပို၍ကောင်းသောတယ်လီဖုံးများကိုအပြိုင်ရောင်းလျှက်ရှိသည်။ ရုပ်မြင်သံကြားနှင့်စာတိုက်များမှတဆင့်၊ လိုချင်စဖွယ်ကောင်းအောင်ပြုလုပ်ထားသည့်ရုပ်ပုံများဖြင့်လှုံ့ဆော်ထား သည့်စက်မှုပိုင်းဆိုင်ရာ ကြော်ငြာများသည်ကျွန်ုပ်တို့နေထိုင် သည့်အိမ်များ ထဲသို့တိုက်ရိုက်လျှံကျလျှက်ရှိသည်။အကယ်၍၊ကမ္ဘာပေါ်တွင်နေ့စဉ်ဖြစ်ပွါးလျက်ရှိသောလပ်ဆပ်သည့်အကြောင်းအရာများကိုသိလိုပါကအင်တာနက်မရှိလျှင်ကသိကအောင့်နိုင်သည်။ အင်တာနက်နှင့်ပတ်သက်၍ကြော်ငြာသည့်အခါတိုင်း၊ ပို၍မြန်သည့်ဆက်သွယ်သည့်နှုံးကိုကျွန်ုပ်တို့အားဈေးကွက်တင်ရောင်းသည်။

အထူးသဖြင့်မိသားစုထဲရှိကလေးများနှင့်လူငယ်များသည်အသစ်ပေါ်သောစက်မှုဆိုင်ရာပစ္စည်းတို့ကိုမက်မောတတ်ကြသည်။ အခြားသူများကဲ့သို့တန်းတူဖြစ်နိုင်ရန်ပစ္စည်းအကောင်းများကိုအသုံးပြုခြင်းဖြင့်လက်ခံမှုရရှိရန်ပြုလုပ်ကြသည်။ အနည်းဆုံးမိမိတို့နှင့်သက်တူရွယ်တူဖြစ်သောဖင်လန်နိုင်ငံသားများပိုင်ဆိုင်သည့် လက်ကိုင်ဖုံးများထက် ပို၍ဟောင်းသော၊ ပို၍နွမ်းပါးသော၊ ပို၍ညံ့သောဖုံများကိုမပိုင်ဆိုင်လိုကြပေ။

တခါတရံ၊ မိသားစု၏ကလေးတဦးအနေနှင့်ထည်ဝါသောလက်ကိုင်ဖုံးနှင့်အိမ်သို့ပြန်လာပြီး၊၎င်းအနေနှင့်ဖုံးဆက်သွယ်နိုင်ရေးအတွက်အခမဲ့နီးပါးကောင်းမွန်သောသဘောတူစာချုပ်ကိုပြုလုပ်ခဲ့ကြောင်းပြောသောအခါစာမတတ်သောမိခင်များနှင့်ဖခင်များအနေနှင့်ခွကျသောအခြေအနေမျိုးသို့ဆိုက်ရောက်တတ်သည်။ဖုံးဆက်သွယ်ခြင်းသဘောတူညီမှုစာချုပ်ကိုပြုလုပ်ပါက၊အခမဲ့ဖုံးပြောခွင့်နှင့်စကားပါးခွင့်ပြုကြောင်းနှင့်၊အထူးကောင်း မွန်သည့်ဖုံးကိုပါငှါးသုံးခွင့်ပြုကြောင်း၊ လမ်းပေါ်တွင်ကြော်ငြာထား သည်ကိုတွေ့ကောင်းတွေ့ရမည်။ လက် တွေ့အားဖြင့်၊ ၁ချုပ်ထဲ၌ပါဝင်ချုပ်ဆိုထားသည့်လစဉ်ကြေးတောင်းခံသည့်ပြေစာများသည်များမကြာမီစာတိုက်မှရောက်လာတော့သည်။တလ၊၂လအတွင်းပေးဆပ်လိုက်ရသည့်ငွေ၏ပမာဏမှာဈေးအချို ဆုံး ဖုံး တလုံး ကိုကိုယ်ပိုင်ဝယ် သုံးသည့် ဈေးနှင့်အတူတူပင်ဖြစ်သည်။

ထိုနည်းတူစွာပင်၊အင်တာနက်နှင့်ပတ်သည့်သဘောတူစာချုပ်ကြော်ငြာအမျိုးမျိုးကိုဈေးကွက်များတွင်တွေ့ရသည်။ အကောင်းဆုံးမှာ ၊ ဤကိစ္စများကိုဆောင်ရွက်ရန်အတွက်သင့်ကလေးကိုတယောက်ထဲသော်၄င်း၊ ဥပမာအားဖြင့်သက်တူရွယ်တူသူငယ်ချင်းများနှင့်သော်၄င်းမလွှတ်ပါနှင့်။ အကောင်းဆုံးအနေနှင့်က တော့၊ ပထမဦးစွာမိမိတို့နေသည့်အဆောက်အဦးထဲတွင်ဥပမာအားဖြင့်အင်တာနက်ကြေးနန်း အဆက် အသွယ်ရှိမရှိဆိုသည်ကိုမေးမြန်းစုံစမ်းပါ။ ၄င်းနောက်၊ မိမိတို့အသုံးပြုမည့်အင်တာနက်အတွက်အမြန်နှုံးမည်မျှကိုလိုအပ်ကြောင်းသိရန်ကိုလည်းစုံစမ်းပါ။ ဤအရာများအားလုံးကိုတတ်သိကျွမ်းကျင်သော

အရွယ်ရောက်ပြီးလူတဦးထံမှမေးမြန်းသင့်သည်။ ထို့နောက်လူကြီးများကိုယ်တိုင်ဆိုင်သို့သွားပြီးဆောင်ရွက်စရာရှိသည်တို့ကိုဆောင်ရွက်ပြီးသဘောတူညီမှုစာချုပ်ကိုပြုလုပ်ပါ။ သို့မဟုတ်ပါကဤကဲ့သို့သောအဖြစ်

အပျက်မျိုး နှင့်ကြုံတွေ့နိုင်သည်၊ အသက်အရွယ်မရောက်သေးသောမိသားစု၏သားငယ်တယောက်သည်နားမလည်ပဲ၊အင်တာနက်လိုင်းပေါင်းများစွာနှင့်စာချုပ်မိပြီးနစ်ဝက်လောက်သတိမပြုမိပဲအလဟသငွေပေးချေလိုက်ရသည်။ လက်လွန်ပြီးသောအမှားများကိုနောက်မှပြန်ပြင်၍မရပါ။

အဖေသို့မဟုတ်အမေ၊ ဤကိစ္စများနှင့်ပတ်သက်လျှင်ကြိုတင်စုံစမ်းမှုများပြုလုပ်ပြီးတာဝန်ယူကြပါ။ သင်တို့၏ကလေးသူငယ်များနှင့်အရွယ်မရောက်သေးသည့်လူငယ်များကိုဤကိစ္စများနှင့်ပတ်သက်၍မဆောင်ရွက်ပါစေနှင့်။



